# တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် သုတေသနလုပ်ငန်းနယ်ပယ်များ သတ်မှတ်ဆောင်ရွက်ရန်

(အဆို)

(၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံသို့ တက်ရောက် လာကြပါသော သဘာပတိနဲ့တကွ ညီလာခံကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ပညာရှင်များ၊ ခန်းမဝင် ဧည့်ပရိတ်သတ်များ အားလုံး မင်္ဂလာပါ ခင်ဗျာ/ရှင့် . . . ကျွန်တော်/ကျွန်မကတော့ ---------------------------------------------------------------------------ညီလာခံကိုယ်စားလှယ်အဖြစ် တက်ရောက်လာတဲ့ ------------------ ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်/ကျွန်မ တင်သွင်းမယ့် အဆိုကတော့ တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် သုတေသနလုပ်ငန်း နယ်ပယ်များ သတ်မှတ် ဆောင်ရွက်ရန် အဆိုပဲ ဖြစ်ပါတယ် ခင်ဗျာ/ ရှင်...

သဘာပတိကြီးနဲ့တကွ ညီလာခံကိုယ်စားလှယ်တော်များ ခင်ဗျာ/ရှင့် . . . နိုင်ငံတော်အနေနဲ့ ယခုလို မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို အစဉ်အလာမပျက် ခမ်းနားစွာနဲ့ ကျင်းပ ပေးခြင်းဟာ မြန်မာ့တိုင်းရင်းဆေးပညာကို ဒီ့ထက်မက ပိုမိုကောင်းမွန်စေချင်၊ တိုးတက်စေချင်လို့ ဖြစ်တယ်ဆိုတာ ကျွန်တော်/ ကျွန်မတို့အားလုံး နားလည်နိုင်ပါတယ် ခင်ဗျာ/ရှင့်။ မြန်မာ့တိုင်းရင်းဆေး ပညာဟာ မိမိတို့ရဲ့ ဘိုးဘွားအမွေအနှစ် ဆေးပညာတစ်ရပ်ဖြစ်တာနဲ့အညီ တိုင်းရင်းဆေးပညာ ဖွံ့ဖြိုး တိုးတက်လာဖို့အတွက် တိုင်းရင်းဆေးပညာရှင်များ အပါအဝင် သက်ဆိုင်ရာ ပညာရှင်တွေ အားလုံး ကလည်း မိမိတို့ ကျရာနေရာကနေ အကောင်းဆုံး ပူးပေါင်း ဆောင်ရွက်နေကြပါတယ်။ ကာလတို ရည်မှန်းချက်တွေ၊ ကာလရှည် ရည်မှန်းချက်တွေနဲ့ တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ယခုလို အားလုံး ပူးပေါင်း ပါဝင်နေတဲ့နေရာမှာ ကျွန်တော်/ကျွန်မတို့ အနေနဲ့ သုတေသနရဲ့ အခန်းကဏ္ဍကိုလည်း ပိုမိုမြှင့်တင်ပေးဖို့ လိုအပ်ပါတယ်။ ဘယ်လုပ်ငန်း၊ ဌာန၊ ဘာသာရပ်နယ်ပယ်မဆို သုတေသနရှိမှ ဖွံ့ဖြိုးတိုးတက်မှု ရရှိကြတာ ဖြစ်ပါတယ်။

သဘာပတိကြီးနဲ့တကွ ညီလာခံကိုယ်စားလှယ်တော်များ ခင်ဗျာ/ရှင့် ... အားလုံး သိကြတဲ့အတိုင်းပါပဲ။ ကျွန်တော်/ကျွန်မတို့ဟာ မြန်မာနိုင်ငံမှာနေထိုင်တဲ့ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေ ဖြစ်တာနဲ့အညီ မိမိတို့ရဲ့ အမွေအနှစ် မြန်မာ့တိုင်းရင်းဆေးပညာကိုလည်း ယုံကြည် အားကိုးကြပါတယ်။ တိုင်းရင်းဆေးတွေကို ယုံကြည်စွာနဲ့ သုံးစွဲကြပါတယ်။ အမှန်တကယ်လည်း ဆေးစွမ်း ထက်မြက်ကြပါတယ်။ သို့သော် ပြည်သူလူထုအနေနဲ့ မြန်မာ့တိုင်းရင်းဆေးဝါးများကို ယုံကြည်စွာ သုံးစွဲနေပါသော်လည်း ဘယ်ရောဂါမှာ ဘယ်ဆေးကို ဘယ်လောက်သောက်ရင် ဘယ်အတိုင်းအတာထိ ရောဂါသက်သာ ပျောက်ကင်းတယ်ဆိုတဲ့ တိကျတဲ့ အထောက်အထားတွေတော့ လိုအပ်နေပါတယ်။ ဒီလိုတိကျတဲ့ အချက်အလက်တွေနဲ့ချပြဖို့ အားနည်းလေ တစ်ယောက်ကို တစ်ယောက် လက်ဆင့်ကမ်းဖို့ ခက်ခဲလေ ဖြစ်လာပြီး မြန်မာ့တိုင်းရင်းဆေးပညာရပ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို နှေးကွေးစေပါတယ်။ တိုင်းရင်းဆေးတွေဟာ ရှေ့အဆက်ဆက်က ကာလရှည်ကြာ လူတွေလက်ခံ သုံးစွဲခဲ့ပြီး ဖြစ်ပေမဲ့ ကောင်းသည်၊ ဆိုးသည် သက်သေပြနိုင်တဲ့ တိကျခိုင်လုံတဲ့ အထောက်အထား လိုအပ်ချက်တွေကို သုတေသန ပြုလုပ်ရမှာ ဖြစ်ပါတယ်။ ဒီလို သုတေသနတွေ ပြုလုပ်ခြင်းအားဖြင့် ပိုမိုတိုးတက်

ကောင်းမွန်တဲ့ အချက်အလက်တွေကိုလည်း ရရှိလာနိုင် ပါတယ်။ ဒါ့ကြောင့် ကျွန်တော်/ကျွန်မ အနေနဲ့ ဒီအဆိုကို တင်သွင်းရတာဖြစ်ပါတယ်။

သဘာပတိကြီးနဲ့တကွ ညီလာခံကိုယ်စားလှယ်တော်ကြီးများ ခင်ဗျာ/ရှင့် . . . ယနေ့ခေတ်အချိန်အခါဟာ ရှေးအစဉ်အဆက် အသုံးပြုလျှက်ရှိတဲ့ သဘာဝ ဆေးပစ္စည်းများနဲ့ အခြေခံ ဖော်စပ်ထားတဲ့ တိုင်းရင်းဆေးတွေရဲ့ ကောင်းကျိုး/ ဆိုးကျိုး အာနိသင်ကို အကဲဖြတ်တဲ့ အတွေ့အကြုံ အခြေပြုဆေးပညာ (Experience based medicine) ကနေ သက်သေ အထောက်အထားပြုဆေးပညာ (Evidence based medicine) အဖြစ်ကို ပြောင်းလဲဖို့ လိုအပ်နေတဲ့၊ တစ်နည်းအားဖြင့် Evidence based medicine သို့ သွားနေတဲ့ အချိန်ဖြစ်ပါတယ်။ ယေဘုယျဆန်တဲ့ သတ်မှတ်ချက်တွေဟာ အငြင်းပွါးစရာအချက်တွေ အများကြီးကို ပေါ်ပေါက်စေနိုင်ပါတယ်။ အထူးသဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးတဲ့ ပညာရပ်တွေမှာ တိကျတဲ့ အချက်အလက်တွေဆိုတာ မရှိမဖြစ် လိုအပ်လှပါတယ်။ ဒါမှသာ ပြည်သူလူထုအနေနဲ့ တိကျတဲ့ အချက်အလက်တွေအပေါ် ယုံကြည်မှု ပိုမိုလာမည်ဖြစ်ပြီး မြန်မာ့ တိုင်းရင်းဆေးပညာရပ်ကြီးလည်း တစ်စထက် တစ်စ ပိုမို ဖွံ့ဖြိုးလို့လာမှာ မလွဲပါဘူး ခင်ဗျာ/ရှင့်။ တိုင်းရင်းဆေးတက္ကသိုလ်ရဲ့ ပင်မရည်ရွယ်ချက်တွေထဲမှာလည်း တိုင်းရင်းဆေးပညာရပ် တိုးတက် မြင့်မားလျက်ရှိတဲ့ နိုင်ငံတွေနဲ့ ကုသရေး၊ သင်ကြားရေးနဲ့ သုတေသနလုပ်ငန်းတွေမှာ ပူးပေါင်း ဆောင်ရွက်ရန်ဆိုပြီး ပါရှိပါတယ် ခင်ဗျာ/ရှင့်။ သုတေသန အလေ့အကျင့်ကောင်းတွေနဲ့အတူ အရည်အသွေးပြည့်မီတဲ့ တိုင်းရင်းဆေး ပညာရှင်တွေ ပေါ်ပေါက်လာဖို့ ရည်ရွယ်ပြီးတော့ တိုင်းရင်းဆေး ပညာရှင်တွေအနေနဲ့ ကျန်းမာရေး စောင့်ရှောက်မှု ပေးတဲ့အခါမှာ သုတေသနရဲ့ အရေးပါမှု၊ အသုံးဝင်မှု၊ အသုံးပြုမှုများနဲ့ ပတ်သက်ပြီးတော့ သိရှိစေဖို့နဲ့ လိုက်နာ ဆောင်ရွက်နိုင်ဖို့အတွက် လေ့ကျင့်သင်ကြား ပေးရန်နဲ့ အထောက်အထား အခြေပြုတဲ့ တိုင်းရင်းဆေးဝါးတွေနဲ့ ကုထုံးတွေရရှိစေဖို့အတွက် ဆောင်ရွက်ရန် ဖြစ်ပါတယ်။ အများက လက်ခံအားကိုးလောက်တဲ့ တိကျခိုင်မာတဲ့ သတ်မှတ်ချက်များ ပိုမိုများပြားစွာ ပေါ်ပေါက်လာရေးမှာ သုတေသနဆိုတာ မရှိမဖြစ် လိုအပ်လှတဲ့ အရာတစ်ခုဖြစ်ပါတယ်။ လက်ရှိမှာ သမားစဉ်အရ သုံးစွဲနေတဲ့ အတွေ့အကြုံအခြေပြုတဲ့ တိုင်းရင်းဆေးဝါးတွေ၊ ကုထုံးတွေကို အထောက်အထားပြု တိုင်းရင်းဆေးဝါးတွေ၊ ကုထုံးတွေ ဖြစ်လာစေဖို့အတွက် သုတေသန လုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်/ကျွန်မအနေနဲ့ တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးရေးမှာ အဓိကကျပြီး အရေးပါလှတဲ့ သုတေသနလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်ဖို့ အတွက်ကို အဆိုပြု တင်သွင်းရခြင်းဖြစ်ပါတယ် ခင်ဗျာ/ရှင့် ...

သဘာပတိကြီးနဲ့တကွ ညီလာခံကိုယ်စားလှယ်တော်ကြီးများ ခင်ဗျာ/ရှင့် ... သုတေသနတွေ လုပ်ဆောင်တဲ့အခါမှာ ပြည်နယ်နဲ့တိုင်းအသီးသီးက မိမိတို့ ဒေသအသီးသီးမှာ အောင်မြင်လျှက်ရှိတဲ့ မိရိုးဖလာဆေးနည်း၊ ကုထုံးကုကွက်တွေကို သုတေသနပြု ရှာဖွေ ဖော်ထုတ် အသိအမှတ်ပြု ဖြန့်ဝေ ဖို့လည်း လိုအပ်တယ်လို့ ပြောပါရစေ။ ဘာဖြစ်လို့လဲဆိုတော့ တစ်ချို့သော ဆေးဆရာကြီးတွေရဲ့ ဆေးနည်းတွေ၊ ကုထုံးကုကွက်တွေဟာ ပြည်သူလူထုတွေ အမှန်တကယ်ကို အားထားနေရလို့ ဖြစ်ပါတယ်။ ဒီဆေးနည်းတွေ၊ ကုထုံးတွေကို ရှာဖွေဖော်ထုတ်မယ်၊ စနစ်တကျ သုတေသနပြုမယ်၊ မျိုးဆက်သစ် တိုင်းရင်းဆေးပညာရှင်တွေကို လက်ဆင့်ကမ်းမယ်ဆိုရင် တိုင်းရင်းဆေးပညာ

ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ကို များစွာ အထောက်အကူ ပြုနိုင်လိမ့်မယ်လို့ ကျွန်တော်/ကျွန်မအနေနဲ့ ယုံကြည်မိပါတယ်။ ဒါဟာလည်းပဲ မိမိတို့ရဲ့ တိမ်မြုပ် ပျောက်ကွယ် နေတဲ့ အဖိုးတန် ကုထုံး၊ ကုကွက်တွေကို ပြန်လည် အသက်ဝင်လာအောင် ဖော်ထုတ်ခြင်း တစ်မျိုး ဖြစ်ပါတယ်။ ဖော်ထုတ်ပြီး အမြဲမပြတ် ဆက်လက် ရှင်သန်နေအောင် ပြုလုပ်ဖို့ကို ကျွန်တော်/ကျွန်မတို့မှာ တာဝန်ရှိနေပါတယ်။ ဒါပေမယ့် သုတေသနပြုတဲ့အခါမှာ သက်ဆိုင်ရာ ဘာသာရပ် နယ်ပယ်အသီးသီးက ပညာရှင်တွေနဲ့ တိုင်ပင်ပြီးတော့ ဝေဖန်သုံးသပ်ခြင်းတွေ ပြုလုပ်ပြီး တိုင်းရင်းဆေးနဲ့ အသင့်တော်ဆုံး သုတေသနပြု နည်းစနစ်တွေကို အသုံးပြုဖို့လည်း လိုအပ်တယ်လို့ ပြောလိုပါတယ်။ တစ်ချို့သော တိုင်းရင်းဆေးဆိုင်ရာ ကဏ္ဍတွေဟာ သိပ္ပံနည်းနဲ့ တစ်ထပ်တည်း မကျနိုင်တဲ့အတွက်ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်/ကျွန်မတို့အနေနဲ့ တတ်နိုင်သလောက် သုတေသနတွေပြုလုပ်ပြီး သက်သေပြနိုင်ဖို့နဲ့ စံနှုန်းတွေထားနိုင်ဖို့ ကြိုးစားရမှာ ဖြစ်ပါတယ်။

သဘာပတိကြီးနဲ့တကွ ညီလာခံကိုယ်စားလှယ်တော်ကြီးများ ခင်ဗျာ/ရှင့် … မြန်မာ့တိုင်းရင်းဆေးပညာရပ်ဟာ နက်ရှိုင်း ကျယ်ပြန့်တဲ့ ဆေးပညာရပ်တစ်ခု ဖြစ်တာနဲ့ အညီ သုတေသနလုပ်ငန်းတွေကို လုပ်ဆောင်တဲ့အခါမှာလည်း နယ်ပယ် ခွဲခြား ဆောင်ရွက်သင့်ပါတယ်။ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေတဲ့ ဆေးရုံ၊ ဆေးခန်းများအနေနဲ့ ကုသမှုဆိုင်ရာ အခန်းကဏ္ဍတွေမှာ ပိုမိုကောင်းမွန်တဲ့ ကုထုံးအသစ်များ ထွက်ပေါ်လာရေး၊ ဆေးဝါးအသစ်များ ထွက်ပေါ်လာရေးစတဲ့ သုတေသနများကို သတ်မှတ်ဆောင်ရွက်သင့်သလို သုတေသနနှင့်ဖွံ့ဖြိုးရေး ဌာနခွဲအနေနဲ့ ဆေးပင်၊ ဆေးဝါးများ စစ်မှန်မှု၊ တိုင်းရင်းဆေးဝါးတွေရဲ့ အရည်အသွေးပိုင်းဆိုင်ရာ သုတေသနတွေနဲ့ ပြည်သူလူထုရဲ့ တိုင်းရင်းဆေး လိုအပ်မှု၊ သုံးစွဲနေမှု ပုံစံတွေကိုလည်း ပိုမို အသေးစိတ် သိရှိနိုင်ပြီး လိုအပ်တဲ့ ဆောင်ရွက်မှုတွေ လုပ်ဆောင်နိုင်ဖို့အတွက် သုတေသန လုပ်ငန်းများကို နယ်ပယ်အလိုက် သီးသန့် လုပ်ဆောင်ဖို့ လိုအပ်ကြောင်း တိုက်တွန်းလိုပါတယ်။ တိုင်းရင်းဆေးသုတေသနတွေကို လုပ်ဆောင်တဲ့ အခါမှာ အခြေခံနယ်ပယ်တွေအနေနဲ့ ၃ မျိုး ခွဲခြား သတ်မှတ်နိုင်ပါတယ်။ နံပါတ်(၁) အနေနဲ့ တိုင်းရင်းဆေး ကုထုံးသုတေသန ဖြစ်ပါတယ်။ ဒီခေါင်းစဉ်အောက်မှာ ရောဂါ စမ်းသပ်မှုဆိုင်ရာနဲ့ ရောဂါကုသ ပျောက်ကင်းမှု ဆိုင်ရာ ဆိုပြီးတော့ နှစ်မျိုး ပါဝင်ပါမယ်။ နံပါတ်(၂)ကတော့ တိုင်းရင်းဆေး ဆိုင်ရာ ကျန်းမာရေးစနစ်သုတေသန ဖြစ်ပါတယ်။ ဒီခေါင်းစဉ်အောက်မှာတော့ ဒေသအလိုက် တိုင်းရင်းဆေး မှီဝဲပုံတွေကို လေ့လာရမှာ ဖြစ်ပါတယ်။ နံပါတ်(၃)အချက်အနေနဲ့ကတော့ တိုင်းရင်းဆေးဝါး သုတေသနတွေ ပြုလုပ်ဖို့ဖြစ်ပါတယ်။ ဒီသုတေသန နယ်ပယ်အောက်မှာဆိုရင် တိုင်းရင်းဆေးပင်တွေရဲ့ သုတေသန၊ အရည်အသွေးဆိုင်ရာ သုတေသန၊ အန္တရာယ်ကင်းရှင်းမှု သုတေသနနဲ့ အာနိသင်ဆိုင်ရာ သုတေသနတို့ အသီးသီး ပါဝင်ကြမှာ ဖြစ်ပါတယ်။

ဒီထက် အသေးစိတ်တင်ပြရမယ်ဆိုရင် သုတေသနဆောင်ရွက်တဲ့အခါမှာ နယ်ပယ် (၇) ခု နဲ့ တင်ပြလိုပါတယ်။ ဒါတွေကတော့ နံပါတ်(၁) ကုထုံးနည်းစနစ်များ၏ အားသာချက်၊ အားနည်းချက်များ၊ နံပါတ်(၂) ဆေးဝါးများ၏ အာနိသင်ထိရောက်မှု၊ ဘေးကင်းမှု၊ နံပါတ်(၃) ကတော့ ထုပ်ပိုးမှု နဲ့ ဆေးဖုံများ၏ အာနိသင်ပြောင်းလဲမှု၊ နံပါတ်(၄) ရောဂါရှာဖွေရေး နည်းစံနစ်များ၊ နံပါတ်(၅) လူနာများအပေါ် ဆက်ဆံမှုနှင့် ကုသမှုဆိုင်ရာ ကျင့်ဝတ်များ (Medical Ethics)၊ နံပါတ်(၆)

တိုင်းရင်းဆေးပညာအပေါ် ပြည်သူလူထု၏ ဝေဖန်သုံးသပ်မှု ထင်မြင်ယူဆချက်များ နဲ့ နံပါတ်(၇)ကတော့ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ စာပေသုတေသန ဆိုပြီး ဖြစ်ပါတယ်။ ဒီလို သုတေသနတွေကို သက်ဆိုင်ရာ နယ်ပယ်အလိုက် သီးခြားစီ သတ်မှတ် ဆောင်ရွက်ခြင်းအားဖြင့် တိုင်းရင်းဆေးပညာရပ်ရဲ့ အဓိက လိုအပ်နေတဲ့ အပိုင်းတွေကို ရှေးဦးစွာ သုတေသန ပြုလုပ်နိုင်မှာဖြစ်ပြီး အခန်းကဏ္ဍတိုင်းမှာလည်း တိကျတဲ့ အချက်အလက်တွေကို ခိုင်မာစွာ ရရှိလာမှာဖြစ်ပါတယ် ခင်ဗျာ/ရှင့်။ ဒီလို နယ်ပယ်တစ်ခုချင်းစီကနေ ရရှိလာတဲ့ တိကျခိုင်မာတဲ့ အချက်အလက်တွေကို စုပေါင်းပြီးတဲ့အခါမှာ ပိုမိုခိုင်မာပြီး အများပြည်သူ ယုံကြည်အားထားမှုကို ပိုမိုရရှိလာနိုင်တဲ့ မြန်မာ့တိုင်းရင်းဆေးပညာရပ်ကြီး ဖြစ်လာမှာ မလွဲပါဘူး ခင်ဗျာ/ရှင်။ ဒေါ့ကြောင့် ကျွန်တော်/ကျွန်မအနေနဲ့ တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိအချိန်မှာ အရေးတကြီး လိုအပ်နေတဲ့ သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် နှင့် သုတေသနလုပ်ငန်းနယ်ပယ်များ သတ်မှတ်ဆောင်ရွက်ရန် အဆိုကို အလေးထား တင်သွင်းအပ်ပါတယ် ခင်ဗျာ/ရှင့် …

အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျာ/ရှင်…..

DTM